**ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်**

Yangon Protestant Reformed Church

**တနင်္ဂနွေစာစောင်**

**နေ့စွဲ – ၂၇. ၆. ၁၀**

## အစိုးရတော်မူသောချစ်ခြင်း

(Sovereign Love, Rev.Herman Hoeksema)

**(ချစ်ခြင်းသည်ဤသို့ဖြစ်သည်) ငါတို့သည် ဘုရားသခင်ကို ချစ်ကြသည်ဟုမဆို၊ ဘုရားသခင်သည် ငါတို့ကိုချစ်၍ ငါတို့အပြစ်ဖြေစရာအကြောင်းဖြစ်စေခြင်းငှာ သားတော်ကို စေလွှတ်တော်မူသောအရာ၌ ချစ်ခြင်းမေတ္တာရှိ၏။ ၁ယော ၄း၁၀** (*Herein is love, not that we loved God, but that he loved us, and sent his Son to be the propitiation for our sins. I John 4:10*)

ဘုရားသခင့်သားတော်၏ အံ့ဩစရာကောင်းလှသော လက်ဝါးကပ်တိုင်တော်။ အပြစ်နှင့်သေခြင်းအမှောင်ထု လွှမ်းခြုံနေသော ကျွန်တော်တို့၏စကြဝဠာထဲတွင် ဘုရားသခင်၏ချစ်ခြင်းအလင်းရောင်ဖြင့် တလက်လက် တောက်ပနေပါသည်။

အဘယ်ကြောင့်ဆိုသော် ၎င်းသည် လက်ဝါးကပ်တိုင်၏အဓိပ္ပါယ်ဖြစ်ပါသည်၊ သေခြင်းနှင့်အပြစ်ဒဏ်ပေးခံရခြင်းအောက်တွင် မျှော်လင့်ချက်မဲ့စွာ ပျောက်ဆုံးနေသော အပြစ်သားတို့ထံသို့ ဖွင့်ပြနေသော ဘုရားသခင့်ချစ်ခြင်းဖြစ်သည်။ လက်ဝါးကပ်တိုင်ပေါ်အတင်ခံရသော ခရစ်တော်၏မျက်နှာတော်မှ ဖြာထွက်နေသည့် ချစ်ခြင်း၏ရောင်ချည်တော်မှမဟုတ်လျှင် ဘုရားသခင်က သူတို့ကိုချစ်ပါသည်ဆိုသည့်အကြောင်း သိနိုင်စရာလမ်းမရှိပါခြေ။

အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ဤလောကကိုချစ်တော်မူသဖြင့် သူသည် မိမိ၏တပါးတည်းသာမွေးဖွားထားသောသားတော်ကို ဤလောကအတွက် ပေးတော်မူပါသည်။ သူကိုယုံကြည်သူ မည်သူမဆို ပျက်ဆီးခြင်းမှကင်းလွတ်ကာ ထာဝရအသက်ကိုရမည်ဖြစ်သည်၊ ယော ၃း၁၆။ သို့သော် ဘုရားသခင်သည် ကျွန်တော်တို့ကို ချစ်တော်မူကြောင်း ဤသို့ဖေါ်ပြပါသည်၊ ကျွန်တော်တို့ အပြစ်သားများဖြစ်ကြစဉ်တွင် ခရစ်တော်ကို ကျွန်တော်တို့အတွက် သေစေခြင်းဖြင့်ဖြစ်သည်၊ ရောမ ၅း၈။ “သားတော်အားဖြင့် ငါတို့သည် အသက်ရှင်စေခြင်းငှာ၊ ဘုရားသခင်သည် တပါးတည်းသောသားတော်ကို ဤလောကသို့ စေလွှတ်တော်မူသောအရာ၌၊ ငါတို့ကိုချစ်တော်မူသောမေတ္တာတော်သည် ထင်ရှားလျှက်ရှိ၏” ၁ယော ၄း၉။

အပြစ်နှင့်လွှမ်းနေသော ဤကမ္ဘာကြီး၏မည်သည့်နေရာတွင်မျှ ဘုရားသခင့်ချစ်ခြင်း၏အလင်းရောင်ကို ထိုသို့တွေ့နိုင်မည်မဟုတ်ပါ။

ကျွန်တော်တို့ ပတ်ဝန်းကျင်တွင်၎င်း၊ ကျွန်တော်တို့အထဲတွင်၎င်း အမိုက်မှောင်နှင့်သာပြည့်နေပါသည်။ အပြစ်ဒဏ်ခတ်ခြင်းနှင့်အမျက်ဒေါသအမှောင်ထုလဲ ကျရောက်နေပါသည်။ တွေးခေါ်ခြင်းဒဿနအားလုံးက ဘုရားသခင့်ချစ်ခြင်းအကြောင်းကို မပီကလာပီကလာနှင့် ပြောနေကြသော်လည်း၊ အပြစ်ဆိုးညစ်ခြင်းပြုကြသူများကို ဖြောင့်မတ်ခြင်းတို့ဖြင့် သေချာစွာအရေးယူရန်သည် ပျော့ညံ့လွန်းနေပါသည်။ ထို့အပြင် ကျေးဇူးတော်၏ အလင်းရောင်မှိန်မှိန်ကို ဤလောက၌ရှိနေသည့်အရာများတွင် တွေ့ကြပြီဟုပြောကြသည့် ဒဿနပညာရှင်တို့၏ အတွေးအခေါ်များသည်လည်း၊ သူ၏သားတော်၏လက်ဝါးကပ်တိုင်ပေါ်မှဖွင့်ပြနေသော ဘုရားသခင့်ချစ်ခြင်းမပါခဲ့လျှင် အချည်းနှီးသာဖြစ်နေပါသည်၊ ကျွန်တော်တို့၏မျက်မှောက်ညသည် ဘုရားသခင့်အမျက်ဒေါသကို ဖွင့်ပြနေ

ခြင်းသာဖြစ်နေဆဲဖြစ်ပါသည်။ အပြစ်ထဲတွင် ပို၍များသောအပြစ်များကို ဆက်လုပ်နေခြင်းမျှသာဖြစ်ပါသည်၊ ပျက်စီးခြင်းထဲတွင် ပို၍နက်ရှိုင်းစွာ တိုးတက်ပျက်စီးနေခြင်းဖြစ်နေပါသည်။ သေခြင်းထဲတွင် ထာဝရပျက်သုန်းခြင်းကို မွေးထုတ်ခြင်းမျှသာဖြစ်ပါသည်။ နှိမ့်ကျခြင်းမှ ပို၍နှိမ့်ကျခြင်းသို့ဖြစ်ပါသည်။ ချောမွတ်သောနေရာတွင် ရပ်နေသကဲ့သို့ လူတို့သည် ပျက်စီးရာသို့ အလျှင်အမြန်ပြေးဆင်းနေကြပါသည်။ ကျွန်တော်တို့သည် အပြစ်တရားကို ဆန့်ကျင်သည့် ဘုရားသခင်၏သန့်ရှင်းသော၊ ကြောက်မက်ဖွယ်ဖြစ်သော အမျက်ဒေါသအောက်တွင် ခြေမှုန်းခံနေကြရပါသည်၊ ထိုသို့ခံနေရကြောင်းကိုလဲ တွေ့နေကြပါသည်။ ဘုရားသခင့်အမျက်ဒေါသသည် အမှန်တရားကို မဖြောင့်မတ်ခြင်းဖြင့် ကိုင်တွယ်ကြသည့် ဘုရားတရား မကြောက်ရွံ့မရှိသေသူများ၊ မဖြောင့်မတ်သူများ အပေါ်သို့ ကောင်းကင်မှနေ၍ ဖွင့်ပြလျှက်ရှိပါသည်၊ ရောမ ၁း၁၈။

အမျက်ဒေါသနှင့် သေခြင်းနှင့် ပျက်သုန်းခြင်းတို့၏အမိုက်မှောင်သို့ ဘုရားသခင်၏တခုသောချစ်ခြင်းအလင်းရောင်သည် ထွန်းလင်းလျှက်ရှိပါသည်၊ မှုန်မှိုင်းမှိုင်းဖြစ်နေသော စကြ်ာဝဠာထဲသို့ ထွင်းဖေါက်ဝင်ရောက်ကာ၊ ဝါးမြိုပစ်လိုက်ပါသည်၊ ကျွန်တော်တို့၏နှလုံးသားများထဲအထိ သက်ဆင်းလာပါသည်၊– ဘုရားသခင့်သားတော်၏ လက်ဝါးကပ်တိုင်အလင်းရောင်ပါလေ။

အို၊ သေချာပါသည်၊ လက်ဝါးကပ်တိုင်အားဖြင့် သားတော်ကလည်း မိမိချစ်ခြင်းကို ပြသပါသည်၊ သခင်ယေရှု၏ချစ်ခြင်း၊ ကျွန်တော့်ကယ်တင်ရှင်၏ချစ်ခြင်းဖြစ်ပါသည်။

အသွေးအသားထဲလာရောက်သည့်ဘုရားသခင့်သားတော်သည် သူ့ညီအကိုများကို ချစ်ပါသည်။ အဆုံးထိ ချစ်ပါသည်။ ကျိန်ခြင်းကိုခံရသောတိုင်ပေါ်တွင် ခါးသီးလှသော၊ အရှက်တကွဲအကျိုးနည်းလှသော သေခြင်းဖြင့် အသေခံပေးသည်အထိ ချစ်ပါသည်။

သို့သော် သူ၏ချစ်ခြင်းသည် လက်ဝါးကပ်တိုင်ပေါ်မှ နောက်ဆုံးစကားမဟုတ်ပါ။

သေလျှက်ရှိသောခရစ်တော်၏ ချစ်ခြင်းမှတဆင့်၄င်း၊ အထဲမှ၄င်း၊ ကျွန်တော်တို့အပြစ်များကိုကြေအေးဖို့ သွန်းတော်မူသော သူ၏အသက်သွေးတို့မှ၄င်း၊ ကျွန်တော်တို့သည် ဘုရားသခင့်ချစ်ခြင်းကို တွေ့မြင်ကြရပါသည်။

အဘယ်ကြောင့်ဆိုသော် ခရစ်တော်၏သေခြင်းသည် ဘုရားသခင့်သားတော်၏သေခြင်းဖြစ်နေ၍ ဖြစ်ပါသည်။ ထိုအမှန်တရားကို ငြင်းပယ်ပါ၊ လက်ဝါးကပ်တိုင်သည် အချည်းနှီးဖြစ်သွားပါသည်၊ အခြားသော လက်ဝါးကပ်တိုင်များ၏အဆင့်သို့ နှိမ့်ကျသွားပါမည်။

ထို့အပြင် ဘုရားသခင့်သားတော်၏အသေခံခြင်းသည် တာဝန်တရပ်ကို အကောင်အထည်ဖေါ်ခြင်း ဖြစ်ပါသည်။

ဘုရားသခင်သည် သူ၏သားတော်ကို ဤကမ္ဘာသို့စေလွှတ်ပါသည်။

ထိုတာဝန်ဖြင့် သူသည် သူ၏ချစ်ခြင်းကို ကျွန်တော်တို့ထံ အပ်နှင်းတော်မူပါသည်။

အို၊ ကောင်းချီးမင်္ဂလာနှင့်ပြည့်ဝလှသော သခင်ယေရှု၏လက်ဝါးကပ်တိုင်ပါလေ။

××××××××××

အစိုးရတော်မူသောဘုရားသခင်၏ချစ်ခြင်းဖြစ်သည်။ ထိုအကြောင်းကို ၁ယောဟ၄း၁၀ကသေချာစွာပြောပြပါသည်၊ ခရစ်တော်၏လက်ဝါးကပ်တိုင်ဖြင့်ဖွင့်ပြနေပါသည်။

ထိုကျမ်းပိုဒ်က ထိုချစ်ခြင်းသည် အစိုးရတော်မူသည်၊ လွတ်လပ်တော်မူသည်၊ အမှီအခိုမရှိဖြစ်တော်မူသည်၊ ဘုရားသခင်သည် ထိုချစ်ခြင်း၏အရင်းအမြစ်ဖြစ်သည်။ 'ချစ်ခြင်းမေတ္တာသည် ဤသို့ဖြစ်သည်၊ ကျွန်တော်တို့က ဘုရားသခင်ကို ချစ်သည်မဟုတ်၊ ဘုရားသခင်က ကျွန်တော်တို့ကို ချစ်ခြင်းဖြစ်သည်။'

ဤနေရာတွင် ဘုရားသခင်၏နှုတ်ကပတ်တော်က ဘုရားသခင်၏သားတော်ကို ကျွန်တော်တို့အပြစ်များ ကြေအေးပေးဖို့ရန်အတွက် စေလွှတ်ရခြင်းတွင် ချစ်ခြင်းသည် အမှန်ရှိနေပါသည် ဆိုယုံလောက်ကလေးကို အ

ထူးပြုရန် ပြောနေခြင်းမဟုတ်ပါ။ အင်မတန်တိကျသောအမှန်တရားတခုကို ပြောနေခြင်းဖြစ်သည်။ ပြောချင်သည့်အရာမှာ စစ်မှန်သောအချစ်တို့၏၊– ပြုမူလှုပ်ရှားပုံ၊ အရင်းအမြစ်၊ အနှစ်သာရ၊ သဘောသဘာဝတို့ကို ကျွန်တော်တို့က သေချာစွာသတိပြုမိရန် ပြောနေခြင်းဖြစ်သည်။ ထို့ကြောင့် ချစ်ခြင်းသည် ဤသို့ဖြစ်သည် ဆိုသည့်စကားစုကို သုံးနေခြင်းဖြစ်သည်။ အချစ်၊ စစ်မှန်သောအချစ်သည်၊ မည်သည့်နေရာတွင်မဆို၊ မည်သည့် ပုံစံမျိုးဖြင့်မဆို၊ ဘုရားသခင်က သင့်ကိုချစ်သည်ဟု သင်သဘောပေါက်သည်ဖြစ်စေ၊ သင်က ဘုရားသခင်ကို ချစ်သည်ဟု သဘောပေါက်လျှင်ဖြစ်စေ၊ သင်က သင့်ညီအကိုမောင်နှမများကို ချစ်သည် ဆိုဆို၊ အချစ်မှန်လျှင် အမြဲပင်ဤအချက်သည် ပါနေပါမည်၊ ၄င်းမှာ ဘုရားသခင်ကို ကျွန်တော်တို့ စချစ်သည်မဟုတ်၊ ဘုရားသခင်က ကျွန်တော်တို့ကို ချစ်တော်မူခြင်းဖြစ်ပါသည်။ ထိုအချက်သည် ဘုရားသခင်၏ ချစ်ခြင်းဖြင့်ပြုမူသော ပြုမူချက်ကြီးဖြစ်သည့် သူ့သားတော်ကို ကျွန်တော်တို့အပြစ်များအား ကြေအေးစရာဖို့ ဤလောကသို့ စေလွှတ်ခြင်းတွင် ရှင်းလင်းစွာ၊ သံသယဖြစ်စရာမရှိစွာ ပေါ်လွင်နေပါသည်။ ထိုနေရာတွင် သင်သည် ဘုရားသခင်က ကျွန်တော်တို့ကို ချစ်တော်မူသည် ဆိုသည့်အကြောင်း မြင်တွေ့နိုင်ယုံ၊ မြည်းစမ်းနိုင်ယုံသာမကပါ၊ သူ၏ချစ်ခြင်းသည် အစိုးရတော်မူကြောင်း၊ လွတ်လပ်တော်မူကြောင်း၊ သူ၏အထံတော်တွင် သူ့ဘာသာထွက်လာခြင်းဖြစ်ကြောင်း၊ အမှီအခိုကင်းကြောင်းကို သဘောပေါက်လာပါမည်။

ချစ်ခြင်းသည် တုတ်နှောင်၊ နှောင်ဖွဲ့မှုဖြစ်ပါသည်။

ချစ်ခြင်းသည် ပုဂ္ဂိုလ်တို့အကြား ညီညွတ်စွာဆက်ဆံမှုဖြစ်သည်။ အတိအကျပြောရလျှင် သက်မဲ့ဖန်ဆင်းခံများကြားတွင် အချစ်သည် မဖြစ်တည်နိုင်ပါ။ လူတယောက်က သူ၏ချစ်ရသောခွေးကလေး၊ (သို့) ကလေးမတယောက်က ဦးထုတ်ကလေးက ချစ်ဖို့ကောင်းလိုက်တာဟု ပြောသောအခါ ထိုသူသည် ခန်းနားလှသော အချစ်ဆိုသည့်စကားလုံးကို အလွဲသုံးစားလုပ်နေခြင်းသာ ဖြစ်ပါသည်။ ချစ်ခြင်းဆိုသည်မှာ ပုဂ္ဂိုလ်တဦးနှင့်တဦးကြားတွင်သာ ရှိနိုင်ပါသည်။ အချစ်သည် တွေးခေါ်စဉ်းစားနိုင်၊ ကိုယ်ကျင့်တရားတည်ဆောက်နိုင်သော သတ္တဝါတို့ကြားတွင်သာ ရှိနိုင်ပါသည်။

ထို့အပြင် ချစ်ခြင်းသည် ဝိညာဉ်ရေးအရတုတ်နှောင်၊ နှောင်ဖွဲ့ခြင်းလဲဖြစ်ပါသည်။

ချစ်ခြင်းဟုကျွန်တော်တို့ပြောနေသောအရာတွင် အချစ်၏နိမ့်သောလှုပ်ရှားမှုနှင့် မြင့်မားသောလှုပ်ရှားမှုဟူ၍ ရှိပါသည်။ ဤဆောင်းပါးကပြောနေသည်မှာ မြင့်သောလှုပ်ရှားမှုကိုဖြစ်ပါသည်။ အချစ်၏နိမ့်သောလှုပ်ရှားမှုကို ကျွန်တော်တို့လူသားမျိုးနွယ်၏စွဲလန်းခြင်းများ(affinity)ထဲတွင် တွေ့နိုင်ပါသည်။ လူငယ်တယောက်သည် သူသဘောကျသောကလေးမကိုချစ်သည်။ မိခင်သည် သူ၏နို့စို့ကလေးငယ်ကို ချစ်သည်။ ထို "သဘာဝချစ်ခြင်း" ကို တိရိစ္ဆာန်များကြား၌ပင် တွေ့နိုင်ပါသည်။ သပိတ်လွယ်ငှက်ကလေးသည်ပင် သူ့ကလေးငယ်များကို ချစ်ကာစောင့်ရှောက်တတ်ပါသည်။ သို့သော် ထိုသို့သောအဖြစ်အပျက်များကို ကျမ်းစာက ပြည့်စုံခြင်း၏တုတ်နှောင်၊ နှောင်ဖွဲ့မှုဟု အနက်ဖွင့်သည့် ချစ်ခြင်း၏အမြင့်ဆုံးသောလှုပ်ရှားမှုနှင့်နှိုင်းယှဉ်၍မရနိုင်ပါ။ ထိုအချစ်သည် သွေးထဲတွင်ရှိနေသည့်၊ ကိုယ်ခန္ဓာ၏သဘောကျခြင်း၊ လိုက်လျောညီထွေဖြစ်မှု၏ စွဲလန်းခြင်းသက်သက်မျှသာမကပါ၊ ထိုအချစ်သည် ဝိညာဉ်ရေးအရတုတ်နှောင်မှုဖြစ်ပါသည်။ စိတ်နှင့်စိတ် တုတ်နှောင်၊နှောင်ဖွဲ့မှုဖြစ်ပါသည်။ ဝိညာဉ်နှင့်ဝိညာဉ်ကြား တုတ်နှောင်မှုဖြစ်ပါသည်။ အလိုဆန္ဒနှင့်အလိုဆန္ဒတို့၏တုတ်နှောင်ထားမှုဖြစ်ပါသည်။ အချစ်ဆိုသည်မှာ ဝိညာဉ်စွမ်းအား၏ဆွဲဆောင်မှုမှ အသက်ရှိသူနှစ်ဦးအကြား ပြည့်ဝသောအသိပညာဖြင့် တုတ်နှောင်၊ နှောင်ဖွဲ့မှု ဖြစ်ပါသည်။

ထို့အပြင် ချစ်ခြင်းဆိုသည်မှာ ပြည့်စုံခြင်း၏တုတ်နှောင်မှုဖြစ်သည် ဆိုသည်ကိုလည်း အထူးပြုပေါ်ပြဖို့ လိုအပ်ပါသည်။ ချစ်ခြင်းသည် ကိုယ်ကျင့်တရားပြည့်စုံနေမှုအခြေအနေထဲတွင်သာ တည်ထောင်နိုင်သော၊ လှုပ်ရှားသက်ဝင်နိုင်သော ဝိညာဉ်ရေးတုတ်နှောင်မှုဖြစ်ပါသည်။ အမှောင်ထဲတွင် မရှိနိုင်ပါ၊ အလင်းထဲတွင်သာ ရှိနိုင်ပါသည်။ လိမ်ညာခြင်းထဲ၌မရှိနိုင်ပါ၊ အမှန်တရားထဲတွင်သာ ရှိနိုင်ပါသည်။ အပြစ်ဆိုးညစ်မှုထဲတွင် အချစ်သည် မရှိနိုင်ပါ၊ ဖြောင့်မတ်ခြင်းထဲ၌သာ အချစ်သည် နေနိုင်ပါသည်။ ပျက်စီးခြင်းထဲတွင်မရှိပါ၊ သန့်ရှင်းခြင်းထဲ၌သာ

ရှိပါသည်။ စကားတခွန်းထဲနှင့်ပြောရလျှင်၊– ကိုယ်ကျင့်တရားအရပြည့်စုံခြင်း အခြေအနေ၌သာ အချစ်မီးသည် တောက်လောင်နိုင်ပါသည်၊ တောက်ပနိုင်ပါသည်၊ တုတ်နှောင်၊နှောင်ဖွဲ့မှုသည် ဖြစ်ပေါ်နိုင်ပါသည်။ ဆိုးညစ်သူများသည် မချစ်တတ်ကြပါ။ ဆိုးညစ်သူတို့ကြားတွင် အခြားသော နှောင်ဖွဲ့မှုတို့ကိုသာ တွေ့နိုင်ပါသည်။ အချစ်သည် ပြည့်စုံခြင်း၏နှောင်ဖွဲ့မှုဖြစ်ပါသည်။

အချစ်သည် အလင်းရှိသောအခြေအနေထဲ၌ရှိသော ပုဂ္ဂိုလ်တဦးနှင့်တဦးကြား ဆွဲဆောင်နေမှုဖြစ်သည်။

ဝိညာဉ်တခုနှင့်တခု တမ်းတခြင်းဖြစ်သည်၊ ရှာဖွေခြင်းဖြစ်သည်၊ တွေ့ရှိကြခြင်းဖြစ်သည်၊ တဦး၏ဘဝအတွင်း တဦးက ဝင်၍နေခြင်းဖြစ်သည်။ ရှိသမျှကို တဦးထံသို့ တဦးကပေးခြင်းဖြစ်သည်။ တဦးနှင့်တဦး အလုံးစုံပိုင်ဆိုင်ကြခြင်းဖြစ်သည်။ တဦးကောင်းဖို့ကို တဦးက ရှာဖွေပေးခြင်းဖြစ်သည်။ တဦးနှင့်တဦး ကျေနပ်စေခြင်းဖြစ်သည်။ တဦးနှင့်တဦး ပြည့်စုံစွာသဘောကျခြင်း ဖြစ်သည်။ ထိုအရာအားလုံး ကိုယ်ကျင့်တရားအရ ပြည့်စုံခြင်း အခြေအနေတွင်သာ ဖြစ်နေခြင်းဖြစ်သည်။

အချစ်ဆိုသည်မှာ ဤသို့ဖြစ်ပါသည်...ကျွန်တော်တို့က ဘုရားသခင်ကိုချစ်ကြသည်မဟုတ်၊ သူက ကျွန်တော်တို့ကိုချစ်တော်မူခြင်းဖြစ်သည်။

ထိုဘုရားသခင့်ချစ်ခြင်းကို လူသားနှစ်ဦးတို့ကြားရှိသည့်အချစ်နှောင်ဖွဲ့မှု၏ သဘောသဘာဝကဲ့သို့ဖြစ်သည်ဟု ဖော်ပြရန်မဖြစ်နိုင်ပါ။ လူသားတို့ကြားအချစ်သည် အပြန်အလှန်သဘောနှင့် နှစ်ဖက်စလုံးကပါဝင်ရန်လိုအပ်ပါသည်။ တယောက်ကသာချစ်သည်ဆိုလျှင် အခြားတယောက်၏အချစ်ကို တောက်လောင်စေရန်မဖြစ်နိုင်ပါ။ လူသားတို့အကြားရှိချစ်ခြင်းသည် တယောက်၏အချစ်နှင့်နောက်တယောက်၏အချစ်တို့ တွေ့စုံ ရောနှောသွားမှသာ ချစ်ခြင်း၏နှောင်ဖွဲ့မှုကို တည်ဆောက်နိုင်ပါသည်။ ထို့အပြင် ထိုချစ်ခြင်းသည် တယောက်၏အချစ်နှင့် နောက်တယောက်၏အချစ်တို့ ဆက်လက်၍ တည်ရှိတွေ့စုံနေမှသာ ဆက်၍တည်ရှိနိုင်ပါသည်။

ဘုရားသခင်၏ချစ်ခြင်းသည် ထိုသို့မဟုတ်ပါ။

ဘုရားသခင်၏အချစ်သည် တဖက်တည်းကသာချစ်သော အချစ်ဖြစ်သည်၊ ၎င်းအချစ်၏မူလဖြစ်ပေါ်ရာတွင်သာမကပါ၊ ဆက်လက်၍တည်ရှိနေခြင်းတွင်လည်း တဖက်တည်းကသာချစ်သောအချစ်ဖြစ်ပါသည်။ ကျွန်တော်တို့က ဘုရားသခင်ကိုချစ်သည်၊ ထိုအချစ်ကိုဖော်ထုတ်ကြသည်၊ ထိုအခါဘုရားကလည်း ကျွန်တော်တို့ကိုချစ်သည် ဆိုသည်မျိုး ဘယ်တုန်းကမှ မဟုတ်ပါ။ ထို့အပြင် ကျွန်တော်တို့နှင့်ဘုရားသခင်သည် တပြိုင်နက်အတူတကွချစ်ကြခြင်းလည်း ဟုတ်ကိုမဟုတ်ရပါ။ သခင်ခရစ်တော်နှင့် ကျွန်တော်တို့အကြား ရှိနေသောအခြေအနေကြောင့်၊ သခင်ခရစ်တော်က ဘုရားသခင်ကို ကျွန်တော်တို့အားချစ်လာစေသည်၊ ကျွန်တော်တို့ထဲရှိနေသည့် ဘုရားသခင်ကိုချစ်သောအချစ်ကို တောက်လောင်လာစေသည်ဟု ပြောလျှင်လည်း မမှန်နိုင်ပါ။ အချစ်သည် ဘုရားသခင့်ထံမှသာ လာပါသည်။ ကျွန်တော်တို့က သူ့ကိုမချစ်ခင် သူက ကျွန်တော်တို့ကို ချစ်ခြင်းဖြစ်သည်။ သခင်ခရစ်တော်ကို ကျွန်တော်တို့အပြစ်များအတွက် ကြေးအေးစေမှု လုပ်ပေးမည့်သူအဖြစ် မစေလွှတ်ခင်ကထဲက ဘုရားသခင်သည် ကျွန်တော်တို့ကို ချစ်ပါသည်။ မှန်ပါသည်၊ ကျွန်တော်တို့ကလည်း သူ့ကိုချစ်ကြပါသည်၊ သို့သော် ထိုအချစ်သည်ပင် သူ့ထံမှလာပါသည်။ သူ၏ချစ်ခြင်းသည် ကြီးမြတ်လှပါသည်၊ ထာဝရဖြစ်သည်၊ ကျွန်တော်တို့ ၏ အချစ်များကို တောက်လောင်စေသော မငြိမ်းသောမီးဖြစ်ပါသည်။ ကျွန်တော်တို့၏ အချစ်ဖယောင်းတိုင်များ ကို ထွန်းညှိပေးသော မီးဖြစ်ပါသည်။ ကောင်းကင်မှအလင်းသည် နေမှလာသောအလင်းဖြစ်ပါသည်၊ ထိုအလင်း သည် မှိတ်တုတ်မှိတ်တုတ်ကြယ်အမြောက်အများတွင် ရောင်ပြန်ထင်ဟပ်မှုပေါင်း သိန်းသောင်းချီ၍ ထင်ဟပ်နေ သကဲ့သို့ အချစ်သည် ဘုရားသခင့်ထံမှသာလာပါသည်။ ကျွန်တော်တို့၏ချစ်ခြင်းသည် သူ၏အချစ်ကို ရောင်ပြန်ထင်ဟပ်ခြင်းသာဖြစ်ပါသည်၊ ထို့ထက် ဘယ်တော့မှ မပိုပါ။ ၎င်းကို အချစ်ဟုခေါ်ပါသည်။

သူသည် ကျွန်တော်တို့ထံတွင် မိမိကိုယ်ကို ချစ်စရာကောင်းသူဖြစ်လာစေပါသည်၊ သူက ကျွန်တော်တို့ကို သူ့အနီးသို့ ဆွဲခေါ်တော်မူပါသည်။ သူသည် ကျွန်တော်တို့ကို တမ်းတပါသည်၊ ကျွန်တော်တို့က သူ့ကို တမ်းတ

လာအောင်လည်း ပြုတော်မူပါသည်။ သူသည်ကျွန်တော်တို့ကို သဘောကျပါသည်၊ သူ့ကိုသဘောကျရန်လည်း ကျွန်တော်တို့ကို ပြုပြင်တော်မူပါသည်။

သူသည်ကျွန်တော်တို့ကို ရှာသည်၊ တွေ့ပါသည်၊ ကျွန်တော်တို့ကလည်း သူ့ကိုရှာပါသည်။

ကျွန်တော်တို့ကို မပိုင်ဆိုင်မချင်း သူသည် နားတော်မမူပါ၊ ထို့အပြင် ကျွန်တော်တို့က သူ့ကိုပိုင်ဆိုင်ကြမည်အကြောင်း မိမိကိုယ်ကို ပေးတော်မူပါသည်။

ချစ်ခြင်းသည် သုံးပါးတဆူဘုရားသခင်ထံတော်တွင် မြစ်ဖျားခံသော စီးကြောင်းတခုဖြစ်ပါသည်။ ထိုစီးကြောင်းက ကျွန်တော်တို့ကို ထိလာပါသည်၊ ထို့နောက် သဘောကျနှစ်သက်ခြင်းထဲသို့ စီးမျောသွားစေပါသည်။

သူ့ထံတော်မှထွက်လာကာ ကျွန်တော်တို့နှလုံးသားများထဲဖြတ်သန်းစီးဆင်းသွားကာ သူ့ထံတော်သို့ ပြန်ရောက်ပါသည်။

အစိုးရတော်မူသောသူ၏ချစ်ခြင်းသည် သူ့ထံမှ၊ သူ့အားဖြင့်၊ သူ့အတွက်သာ ဖြစ်တော်မူပါသည်၊ ဘုရားသခင်၏ချစ်ခြင်းဖြစ်ပါသည်။

ဘုရားသခင်၏ချစ်ခြင်းသည် အစိုးရတော်မူပါသည်။

××××××××××

လက်ဝါးကပ်တိုင်သည် ကောင်းချီးနှင့်ပြည့်စုံလှပါသည်တကား၊ ထိုနေရာမှသာ ဘုရားသခင့်အချစ်၏ အံ့သြစရာကောင်းခြင်းကို ကျွန်တော်တို့ သိနိုင်ကြပါသည်။

ထိုနေရာမှနေ၍သာ ဘုရားသခင်၏အချစ်ဆိုသည်မှာ အစိုးရတော်မူကြောင်း၊ လွတ်လပ်ကြောင်း၊ ထာဝရဖြစ်ကြောင်း၊ လုံးလုံးလျားလျား သူ့ဘာသာဖြစ်တည်လာခြင်းဖြစ်ကြောင်းကို ကျွန်တော်တို့ သိနိုင်ကြခြင်းဖြစ်သည်။ ထို့ကြောင့် ထိုသို့သောအချစ်သည် ရေအမြောက်အများကပင် ငြိမ်းသတ်ရန် မစွမ်းသာသော မီးလျှံကဲ့သို့ ဖြစ်ပါတော့သည်။

ကျွန်တော်တို့၏အပြစ်များအတွက် ကြေအေးစေခြင်း။ ထိုအချက်က ပြောနေသည်မှာ ကျွန်တော်တို့သည် ဘုရားသခင်၏ရန်သူများ ဖြစ်ခဲ့ကြပါသည်၊ အပြစ်ပြုခြင်းများဖြင့် သေနေကြသူများဖြစ်ခဲ့ကြပါသည်၊ အသက်ရှင်တော်မူသောဘုရားသခင်ကို အချည်းနှည်းမဲ့၊ မောက်မာစွာ ပုန်ကန်ခြင်း၌ ရပ်နေကြသူများဖြစ်ခဲ့ကြပါသည်။ ထို့ကြောင့် ကျွန်တော်တို့တွင် အပြစ်ရှိပါသည်၊ တရားစီရင်ခံထိုက်ကြသူများဖြစ်ကြပါသည်၊ ဘုရားသခင့်အမျက်တော်ကို ခံထိုက်ကြသူများဖြစ်သည်၊ သူ၏ဖြောင့်မတ်တော်မူခြင်းမှနေ၍ ထာဝရပျက်ဆီးခြင်း ပြစ်ဒဏ်ခတ်မှုကိုသာ ကျွန်တော်တို့အပေါ်တွင် ထားတော်မူထိုက်ပါသည်။ ထို့ကြောင့် ဘုရားသခင်၏ချစ်ခြင်း ကျွန်တော်တို့ထံရောက်လာဖို့ အကြောင်းတခုမှမရှိကြောင်း ထင်ရှားနေပါသည်။ သူ၏ဖြောင့်မတ်တော်မူခြင်းကို ကျေနပ်စေအောင်ပြုလုပ်မှသာ ထိုချစ်ခြင်းသည် ရောက်လာနိုင်ပါမည်။ ထိုသို့ကျေနပ်အောင်လုပ်ရန် ငရဲ၏အနက်ဆုံးနေရာသို့ သွားရောက်ရန် လိုအပ်နေပြန်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ချစ်ခြင်း၏နာခံမှုကို ပြည့်ဝစွာလိုက်နာပြီး၊ ငရဲလမ်းကို ဘယ်သောအခါမှ သွားကြမည်မဟုတ်ပါ၊ သွားလည်း သွားနိုင်ကြမည် မဟုတ်ပါ။ ဘုရားသခင့်ချစ်ခြင်းကို ပြန်ခံရရန်၊ သူ၏မျက်နှာသာပေးမှုကို ပြန်ခံယူရန်၊ ထိုကျေနပ်ခြင်းကို မဖြစ်မနေလုပ်ဖို့လည်း လိုအပ်နေပြန်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့၏အနေထားသည် မျှော်လင့်ချက် လုံးဝမရှိသောအခြေအနေ ဖြစ်နေပါသည်။

အပြစ်များကိုကြေအေးပေးခြင်း။ ဆိုလိုသည်မှာ ကျွန်တော်တို့၏အပြစ်ဒုစရိုက်များအားလုံးကို ဖုံးအုပ်ပေးခြင်းအကြောင်းသည် ရှိနေသည်ဟု ပြောခြင်းဖြစ်ပါသည်။ ထိုဖုံးအုပ်ပေးခြင်းဆိုသည်မှာ ကျွန်တော်တို့၏အပြစ်များအားလုံးကို ဘုရားသခင်၏ရှေ့တော်မှောက်တွင် မရှိတော့သကဲ့သို့ ဖွက်ထားပေးခြင်းဖြစ်ပါသည်။ ရှိတော့ရှိနေပါသည်၊ သို့သော် ပြည့်ဝစွာအဖုံးအကွယ်အောက်သို့ ရောက်သွားသလိုမျိုးကို ပြောနေခြင်းဖြစ်သည်။

ကျွန်တော်တို့ အပြစ်များကပြုသမျှ ဖျက်ဆီးခြင်းများအားလုံးကို အပြည့်အဝဖုံးထားသလိုဖြစ်ပါသည်။ ထို့အတွက် ပေးစရာရှိသည့်အကြွေးကို ပေးပြီးဖြစ်သည်။ ဘုရားသခင့်ဖြောင့်မတ်ခြင်းသည် ကျေနပ်သွားပြီဖြစ်သည်။ ငရဲလမ်းကို ချစ်ခြင်း၏ပြည့်ဝသောနာခံမှုဖြင့် ကျွန်တော်တို့ကိုယ်စား၊ ကျွန်တော်တို့အတွက် သွားပေးပြီးဖြစ်ပါသည်။

သို့သော် မည်သူအားဖြင့် ပြုပါသနည်း? ဘုရားသခင်က သူ့သားတော်ကို စေလွှတ်ခြင်းဖြင့်ဖြစ်သည်။

ဘုရားသခင်သည် သူ၏သားတော်ကို ကျွန်တော်တို့အပြစ်များအား ကြေအေးပေးဖို့ရာ စေလွှတ်တော်မူခြင်းသည်၊ နက်နဲလှသောအကြောင်းအရာများထဲမှ အနက်နဲဆုံး အကြောင်းဖြစ်ပါသည်တကား။

သူသည်သူ့ကို စေလွှတ်တော်မူသည်၊ သူ၏သားတော်၊ ဘုရားမှဘုရား၊ အလင်းမှအလင်း၊ သူ၏ရင်ခွင်တော်ထဲ ထာဝရထွေးပွေ့ချစ်ခင်ရသောသား၊ သူ့ထံတော်၌ ခမည်းတော်သည်ရှိတော်မူသည်၊ ဝိညာဉ်တော်သည်ရှိတော်မူသည်၊ သူသည် သူကိုယ်တိုင်လည်း ဖြစ်တော်မူပါသည်။

သုံးပါးတဆူဘုရားသခင်သည် သူ့ကိုစေလွှတ်တော်မူပါသည်၊ ခမည်းတော်သည် သားတော်အားဖြင့်၊ ဝိညာဉ်တော်ထဲ၌ သားတော်ကို စေလွှတ်တော်မူပါသည်။

သူသည် သူ့ကို ထာဝရကာလထဲတွင် စေလွှတ်တော်မူသည်။ အဘယ်ကြောင့်ဆိုသော် မိမိ၏ထာဝရလသောကျမှုအရ သူ့ကို အသင်းတော်၏ဦးခေါင်းဖြစ်ရန် ခန့်အပ်တော်မူထားသည်။ ညီအကိုအများတွင် သားဦးဩရသဖြစ်ရန် ခန့်အပ်ထားသည်။ သူ့ကို အချိန်စေ့သောအခါ စေလွှတ်လိုက်သည်၊ အသွေးနှင့်အသားကိုခံယူလျှက်လူဖြစ်လာဖို့လွှတ်လိုက်ပါသည်။ ထို့သို့ဖြင့် သူသည် သူ့ညီအကိုများဖြစ်သော ကျွန်တော်တို့နှင့် အရာခပ်သိမ်းတွင်(အပြစ်မှလွဲ၍) တူညီလာမည်ဖြစ်သည်။ သူသည် သူ့ကို နိမ့်ကျလှသောအဖြစ်နှင့်ဝေဒနာခံစားဖို့ စေလွှတ်လိုက်ခြင်းဖြစ်သည်။ သူသည် သူ့ကို သူ့အပေါ်သို့ ကျွန်တော်တို့၏အပြစ်ဒုစရိုက် ဆိုးညစ်မှုဝန်ထုတ်ကြီးကို တင်၍ အပြစ်ဒဏ်ခံရခြင်းနေရာသို့ လွှတ်လိုက်ခြင်းဖြစ်သည်။ ကျိန်ခြင်းခံရသောတိုင်ပေါ်တွင်၊ အရှက်တကွဲဖြင့်သေဖို့ လွှတ်လိုက်ခြင်းဖြစ်သည်။ တန်ဖိုးကိုပေးဆပ်ဖို့ အနက်ဆုံးသောငရဲတွင်းထဲသို့ သူ့ကို စေလွှတ်လိုက်ခြင်းဖြစ်သည်။ ဘုရားသခင်၏ မပြောင်းလဲနိုင်သော ဖြောင့်မတ်ခြင်းသို့ ပြန်ပြောသည့်၊ ကျွန်တော်တို့၏ ဆိုးညစ်သော၊ အရေမရအဖတ်မရဖြစ်သော "မလုပ်နိုင်ဘူး"ဆိုသောစကားကို၊ သူ၏ပြည့်စုံလှသော "လုပ်နိုင်ပါသည်"ဆိုသည့်စကားဖြင့် တုန့်ပြန်ရန် စေလွှတ်လိုက်ခြင်းဖြစ်သည်။ ထို့သို့ဖြင့် ကျွန်တော်တို့အပြစ်များကို ကျေနပ်စေသူဖြစ်လာလေသည်။

ဘာကိုဆိုလိုပါသနည်း?

အသေအချာပြောရလျှင်၊ ထိုအကြောင်းက ဘုရားသခင့်ချစ်ခြင်းကို ကျွန်တော်တို့ထံ ကြေညာပေးပါသည်။ အံ့ဩစရာကောင်းသော၊ တိုင်းတာ၍မမှီနိုင်သော၊ ချီးမွမ်းစရာကောင်းလှသောချစ်ခြင်းကိုဖြစ်သည်။

မှန်ပါသည်၊ ထိုအချက်သည် အားလုံးထဲတွင် အရေးအကြီးဆုံးအချက်ဖြစ်သည်၊– အစိုးရသော၊လွှတ်လပ်သော၊ ထို့ကြောင့် မငြိမ်းနိုင်သော ချစ်ခြင်းကို အဦးဆုံး ဖွင့်ပြချက်ဖြစ်ပါသည်။

သခင်ခရစ်တော်လုပ်သောအလုပ်များက ဘုရားသခင့်ချစ်ခြင်းကို နိုးထစေခြင်း၊ တောက်လောင်လာစေခြင်း မဟုတ်ရေးချမဟုတ်ရပါ၊ ချစ်ခြင်းဆိုသည်မှာ သခင်ခရစ်တော် အသေမခံခင်ကထဲက ဘုရားသခင်သည် ကျွန်တော်တို့ကို ချစ်တော်မူခြင်းဖြစ်ပါသည်။

ခရစ်တော်၏မစ်ရှင်(လာရောက်ရခြင်း၏ရည်ရွယ်ချက်)၊ သူ၏လက်ဝါးကပ်တိုင်သည် ချစ်ခြင်းကို ဖွင့်ပြခြင်း၊ ပေါ်ပြခြင်းဖြစ်ပါသည်။

ဘုန်းကျက်သရေနှင့်ပြည့်ဝလှသောသခင်ယေရှု၏လက်ဝါးကပ်တိုင်ဖြစ်သတည်း

××××××××××××××

ချစ်ခြင်းဆိုသည်မှာ၊ ကျွန်တော်တို့၏ကယ်တင်ရှင်ဘုရားသခင်၏ ဘုန်းအသရေနှင့်ပြည့်ဝသော ဖွင့်ပြခြင်း၊ ပေါ်ပြခြင်း ဖြစ်ပါသည်။

ဘုရားသခင့်သားတော်၏ အံ့ဩစရာလက်ဝါးကပ်တိုင်ကို ယုံကြည်ခြင်းဖြင့် ကြည့်လိုက်သောအခါ၊ ကျွန်တော်တို့၏အပြစ်များအားလုံးက သူ၏အချစ်ကို ငြိမ်းမသွားစေနိုင်ကြောင်း သေချာစိတ်ချမှုကို တွေ့မြင်ကြရပါသည်။ ကျွန်တော်တို့အပြစ်များသည် စောင်နီကြီးတခုလို့ဖြစ်နေပါစေ၊ ဆိုးညစ်ခြင်းလှိုင်းလုံးများက ကျွန်တော်တို့ကိုဆန့်ကျင်လျှက် ထလာပါစေ၊ ကျွန်တော်တို့၏ဒုစရိုက်များသည် ခေါင်းပေါ်မှဆံပင်များအရေအတွက်ထက်များနေပါစေ၊ ကျွန်တော်တို့၏ကောင်းမကောင်းကိုသိရာ ဩတ္တပ္ပစိတ်က ကျွန်တော်တို့သည် အပြစ်လုပ်ကြောင်း၊ နေ့တိုင်း အပြစ်ဒုစရိုက်ကိုသာလုပ်ကြကြောင်း အပြစ်အမြဲတင်နေပါစေ၊ ပညတ်တော်များကို တခုမှမလိုက်ကြပါဟု စွတ်စွဲနေပါစေ၊ ကျွန်တော်တို့သခင်ယေရှုခရစ်တော်၏ လက်ဝါးကပ်တိုင်တွင် ဖွင့်ပြနေသော၊ ဘုရားသခင်၏ ထို လွတ်လပ်သော၊ အစိုးရသောချစ်ခြင်းကိုသာ အားကိုးလျှင်၊ ကျွန်တော်တို့သည် သူ့ထံတော်သို့ လာနိုင်ကြပါမည်ဟု အသေအချာ သိနေကြပါသည်။ ကျွန်တော်တို့၏အပြစ်များကို ဝန်ချတောင်းပန်လျှင်၊ ဘုရားသခင်သည် ထိုအပြစ်များအားလုံးကို သူ၏စွမ်းအားကြီးလှသောအချစ်မီးတောက်ထဲတွင် တောက်လောင်ပြာကျသွားစေပါမည်၊ မဖြောင့်မတ်ခြင်းအားလုံးမှ ကျွန်တော်တို့ကို ဆေးကြောပေးတော်မူမည်မှာ ဧကန်မုချပင်ဖြစ်ပါသည်။

၄င်းသည် လက်ဝါးကပ်တိုင်၏ အဓိပ္ပါယ်ပင်ဖြစ်ပါသည်။ အပြစ်သားတို့ သေချာစိတ်ချမှုနှင့် ကျေးဇူးတော်ပလ္လင်သို့ လာရဲကြရန် လိုအပ်သည့် ရဲစိတ်ကိုမွေးပေးသော အချစ်၏ဖွင့်ပြချက်ပေါ်ပြချက်ဖြစ်ပါသည်။

နောက်တခုရှိသေးသည်၊ အံ့ဩစရာကောင်းလှသော လက်ဝါးကပ်တိုင်ကို လေ့လာပြီးသည့်အခါ၊ ၄င်းက ဖွင့်ပြပေါ်ပြနေသည့် အစိုးရသော၊ လွတ်လပ်သော၊ ဘယ်တော့မှမရပ်တန့်သော ဘုရားသခင့်အချစ်ကို လေ့လာပြီးသောအခါ၊ ကျွန်တော်တို့ကလည်း သူ့ကို ချစ်ကြပါသည်ဟုသိလာပါသည်၊ ကျွန်တော်တို့သည် သူ့ကိုတကယ်ချစ်ကြပါသည်၊ သူ၏အချစ်သည် ကျွန်တော်တို့ထံတွင် ပြည့်စုံလာဖို့ လိုချင်ကြပါသည်။ သူက ကျွန်တော်တို့ကို အစိုးရတော်မူစွာ ချစ်ပါသည်ဆိုသည့်အမှန်တရားက ကျွန်တော်တို့ကို နမော်နမဲ့နေကြသူများ၊ လူဆိုးများ ဖြစ်မသွားစေပါ။ ထိုအမှန်တရားက အချစ်များများရှိလာဖို့ အပြစ်များများပြုကြပါဟုလဲ မတိုက်တွန်းရပါ။ ထိုမှဆန့်ကျင်စွာ၊ ကျွန်တော်တို့ကို သွေးဆောင်တော်မူသည့် ထိုအချစ်၏ကြီးမာလှသောတန်ခိုးစွမ်းအားက၊ ကျွန်တော်တို့နှလုံးသားများထဲတွင် ထိုအချစ်ကို တုန့်ပြန်လျှက်၊ မငြိမ်းနိုင်စွာတောက်လောင်နေသည့်အချစ်ကို ဖြစ်ပွားစေပါသည်။ ထိုသို့ဖြင့် သူကြိုက်သောအရာများကို လုပ်ကိုင်အသက်ရှင်စေပါသည်။ ထိုသို့ပြုလျှက်အသက်ရှင်ခြင်းသည် ချစ်ခြင်းအတွင်း သူ့ထံတော်၌ ထာဝရနေထိုင်ရချိန်ထိ ဖြစ်ပါသည်။

ထိုအချစ်မှနေ၍ ကျွန်တော်တို့ကို ဘယ်အရာကမှ ကွဲမသွားစေနိုင်ပါ၊ အဘယ်ကြောင့်ဆိုသော် အချစ်သည် ဘုရားသခင်ထံမှသာလာပါသည်။

၄င်းကိုအချစ်ဟုခေါ်ပါသည်၊ သူသည် ကျွန်တော်တို့ကို ချစ်တော်မူသည်။

ကောင်းချီးနှင့်ပြည့်ဝလှသောဖွင့်ပြပေါ်ပြချက်ဖြစ်ပါသတည်း။။။။